# ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ

## Shan-ni & Northern Shan ethnics solidarity party (S.N.S.P)

### မူဝါဒများ၊ ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ

**နိဒါန်း**

၁။ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိဒေသခံရှမ်းနီ(တိုင်းလိုင်)နှင့် မြန်မာနိုင်ငံအထက်၊ မြောက်ပိုင်းရှိရှမ်းမျိုးနွယ်စုများဖြစ်သော တိုင်းခန္တီး၊ တိုင်းလေ၊ တိုင်းဆာ၊တိုင်းမောင်း၊ တိုင်းဖွန်း၊တိုင်းလုံ၊ တိုင်းခွမ်း၊ တိုင်းကတူး၊ တိုင်းကနန်းအစရှိသော ရှမ်းမျိုးနွယ်စုများ၊ မိမိတို့၏အမျိုးသားရေး၊ နယ်မြေဒေသငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအခွင့်အရေးတန်းတူညီမျှရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များအား စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်နိုင်ရန် ဤပါတီအားတည်ထောင်ရခြင်းဖြစ်သည်။

**ယုံကြည်ချက်**

၂။ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျှက်ရှိကြသော တိုင်းရင်းသားလူမျိုးများအကြား ဖိနှိပ်ချုပ်ချယ်မှု ကင်းရှင်းပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းစသည့်လောကပါလတရားတို့လွှမ်းခြုံလျှက် အချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် လူမျိုးစုအသီးသီး၏ ဘာသာအယူဝါဒ၊ ဓလေ့ထုံးစံ၊ စာပေယဉ်ကျေးမှုတို့ကို အပြန်အလှန်လေးစားတန်ဖိုးထားကြမှသာလျှင် စည်းလုံးညီညွတ်၍ အခွန့်ရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မည်ဟု အလေးအနက်ယုံကြည်သည်။

**ရည်ရွယ်ချက်**

၃။ (က) နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံနိုင်သောဒီမိုကရေစီနိုင်ငံတော်ကြီးအားဖက်ဒရယ်ပြည်ထောင်စု စနစ်ဖြင့်တည်ဆောက်ရန်။

(ခ) နိုင်ငံတော်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးအတွက် ပါဝင်ဆောင်ရွက်ရန်။

(ဂ) ဒေသခံတိုင်းရင်းသားများအချင်းချင်းယှဉ်တွဲနေထိုင်၍ နေထိုင်ရာဒေသ၏ အကျိုးစီးပွားများ ပူးပေါင်းဆောင်ရွက်ပြီးမိမိတို့၏အမျိုးသားရေးရည်မှန်းချက်များကိုဖော်ထုတ်ဆောင် ရွက်ရန်။

(ဃ) ပျောက်ကွယ်နေပြီဖြစ်သော တိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာပြန်လည်ဖော်ထုတ်ရန်နှင့်သမိုင်းအမွေအနှစ်၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများထိန်းသိမ်းစောင့်ရှောက်ရန်။

(င) အမည်နာမနှင့်နေရာဒေသကွဲပြားနေသော မိမိတို့၏အမျိုးသားများအားလုံး ပြန်လည်စုစည်း၍အမျိုးသားစည်းလုံးညီညွတ်ရေးအား တည်ဆောက်ရန်။

(စ) ပြောင်းလဲနေသောမြန်မာနိုင်ငံရေးအခြေအနေပေါ်မူတည်၍ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၏ အမျိုးသားရေးအကျိုးစီးပွားအား ဖော်ဆောင်ရယူရန်။

(ဆ) မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုကြောင့်ဖြစ်ပေါ်လာသော မတရားဖိနှိပ်မှု၊ ဆက်ကြေးကောက်ခံမှု၊ လူသူစုဆောင်းမှု၊ အဓမ္မညှင်းပန်းနှိပ်စက်မှုများအား နိုင်ငံရေးနည်းလမ်းဖြင့်ကာကွယ်စောင့်ရှောက်ရန်။

## အခန်း (၁)

## ပါတီအမည်၊ အထိမ်းအမှတ်တံဆိပ်နှင့်အလံ

၄။ **ပါတီအမည်**

ပါတီ၏ အမည်ကို ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေး ပါတီ Shan – ni & Northern – shan ethnics solidarity Party (S.N.S.P) ဟုခေါ်တွင်ရမည်။

၅။ **ပါတီအမှတ်တံဆိပ်**

ပါတီ၏အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည်။




၆။ **အမှတ်တံဆိပ်အဓိပ္ပာယ်ဖွင့်ဆိုချက်**

အဝါရောင်မှာ - ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စု တိုင်းရင်းသားများ၏ ရွှေထွက် ရှိရာနေရာဒေသအား ရည်ညွှန်းသည်။

အနီရောင်မှာ - ရဲစွမ်းသတ္တိရှိသောလူမျိုးအဖြစ် ရည်ညွှန်း၍အစိမ်းရင့်ရောင်မှာစိမ်းလန်း သောဒေသတွင်နေထိုင်ကြခြင်းအားဖော်ပြသည်။

ကြယ်ဖြူငါးလုံးမှာ - ဖြူစင်ရိုးသားသော မြောက်ပိုင်းရှမ်းမျိုးနွယ်စု(၅)စုအား ရည်ညွှန်းပါသည်။

တံဆိပ်အောက်နား အစိမ်းခံပေါ်တွင်အဖြူရောင်စာလုံးဖြင့် ပါတီအမည်ပါရှိပါသည်။

၇။ **ပါတီအလံ**

ပါတီအလံမှာအောက်ပါအတိုင်း ဖြစ်သည်။ အလံ၏စံပြအရွယ်အစားမှာ (၁း၁.၆၂၅)ဖြစ်သည်။



၈။ **ပါတီအလံအဓိပ္ပာယ်ဖွင့်ဆိုချက်**

ဝါ ၊ နီ၊ စိမ်း အလျားလိုက် သုံးရောင်ခြယ်အလံပုံစံမှာ ရှမ်းနီ (တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများနေထိုင်ရာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(သုံးခု)အားညွှန်းဆိုပါသည်။

- အဝါရောင်မှာ - တိုင်းရင်းသားတို့၏ဘာသာ၊ သာသနာသက်ဝင်ယုံကြည်ခြင်းအားလည်းကောင်း၊
- အနီရောင်မှာ - ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ နီးကြားတက်ကြွခြင်းအားလည်းကောင်း၊
- အစိမ်းရောင်မှာ -လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်း၊တောတောင်ရေမြေစိမ်းလန်းခြင်း၊ ကျောက်စိမ်းထွက်ရှိရာဒေသအားလည်းကောင်း၊
- ကြယ်ဖြူငါးလုံးမှာ-ဖြူစင်ရိုးသားသောမြောက်ပိုင်းရှမ်းမျိုးနွယ်စု(ငါးစု)အားလည်းကောင်း၊ ရည်ညွှန်းထားခြင်းဖြစ်ပါသည်။
-

**အခန်း(၂)**

**ဖွဲ့စည်းပုံ**

၉။ ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီ၏ ဖွဲ့စည်းပုံ အဆင့်ဆင့်ကိုအောက်ပါအတိုင်းဖွဲ့စည်းသည်။

(က) ပါတီညီလာခံ။

(ခ) ဗဟိုကော်မတီ။

(ဂ) ဗဟိုကော်မတီက ရွေးချယ်တင်မြှောက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့။
(ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များပါဝင်သည်။)

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်တင်မြှောက်သောနာယကအဖွဲ့။

(င) တိုင်းဒေသကြီး/ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့များ။

(စ)	ခရိုင်အလုပ်အမှုဆောင်အဖွဲ့များ။

(ဆ)	မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များ။

(ဇ)	ရပ်ကွက်၊ ကျေးရွာအလုပ်အမှုဆောင်အဖွဲ့များ။

မှတ်ချက် ။	။ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့်လိုအပ်သောရေးရာကော်မတီများကိုတိုးချဲ့ဖွဲ့စည်းနိုင်သည်။

၁၀။	ညီလာခံကျင်းပခြင်း မပြုနိုင်သည့်ကာလများတွင် ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံကို လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြင်ဆင်နိုင်ခွင့်ရှိသည်။ ပြင်ဆင်ဖြည့်စွက်ချက်များကို အနီးကပ်ဆုံးပါတီ ညီလာခံတွင် တင်ပြအတည်ပြုရမည်။

## အခန်း(၃)

## ပါတီဝင်များစိစစ်လက်ခံခြင်း

**၁၁။	ပါတီဝင်များစိစစ်လက်ခံခြင်းကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်။**

(က)	ပါတီဝင်များအား စည်းရုံးဆောင်ရွက်ရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ဆောင်ရွက်မည်။

(ခ)	တိုင်းလိုင်(ရှမ်းနီ)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီမှအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီပါတီဝင်လက်ခံခြင်းကိုပါတီ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်လက်ခံဆောင်ရွက်မည်။

## အခန်း (၄)

## ပါတီစည်းကမ်းချက်များ

**၁၂။	ပါတီဝင်များသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။**

(က)	ပါတီဝင်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါအချက်အလက်များကို လိုက်နာ ကျင့်သုံးရမည်။

(ခ)	ပါတီဝင်များသည် တိုင်းရင်းသားလူမျိုးစုများ၏ စာပေ၊ ယဉ်ကျေးမှုများကို ကူညီဆောင်ရွက် ပေးရမည်။

(ဂ)	ပါတီဝင်အချင်းချင်း ချစ်ခင်လေးစားပြီး ရိုင်းပင်းကူညီစောင့်ရှောက်သွားရမည်။

(ဃ)	ပါတီဝင်များသည် လစဉ်ပါတီဝင်ကြေးကို ထည့်ဝင်ရမည်။

(င) ပါတီဝင်အဖြစ်လျှောက်ထားလိုသူသည် လက်ရှိပါတီဝင်ဖြစ်သူတစ်ဦး၏ ထောက်ခံချက်ကို ရယူပြီးလျှောက်ထားရမည်။

(စ) ပါတီဝင်များသည် တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားစေသော အပြောအဆို၊ အပြုအမူများကို ရှောင်ကျဉ်ရမည်။အရေးယူခံရသော ပါတီဝင်တစ်ဦးသည် ပါတီညီလာခံ အထိ အဆင့်ဆင့် အယူခံနိုင်ခွင့်ရှိသည်။

(ဆ) ပါတီ၏စည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့ပါကပါတီအလုပ်အမှုဆောင်အဖွဲ့၏ အဆင့်ဆင့် စုံစမ်းစစ်ဆေးအရေးယူခြင်းခံရမည်။

(ဇ) ပါတီဝင်များ လိုက်နာရမည့်စည်းမျဉ်းများကို ညီလာခံ၊ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ကအခါအားလျော်စွာသတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(ဈ) ပါတီဝင်တစ်ဦးသည် ပါတီမှ နုတ်ထွက်လိုပါက မိမိထမ်းဆောင်နေသော ပါတီတာဝန်များကို ရှင်းလင်းဆောင်ရွက်ပြီးမှ မိမိသဘောဆန္ဒအလျှောက် နုတ်ထွက်နိုင်သည်။

## အခန်း(၅)

## ပါတီ၏မူဝါဒသဘောတရားများ

၁၃။ <u>နိုင်ငံရေး</u>

(က) ဒီမိုကရေစီနည်းလမ်းအရဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ထောင်မှသာတည်ငြိမ် အေးချမ်း ၍ဖွံ့ဖြိုးတိုးတက်သော၊တရားမျှတမှုနှင့်တန်းတူညီမျှသောနိုင်ငံတော်ဖြစ်ပေါ်မည်ဟုယုံကြည် သည်။

(ခ) မိမိတို့နေထိုင်ရာဒေသအလိုက်သော်လည်းကောင်း၊နိုင်ငံတော်တဝှမ်းလုံး၌သော်လည်း ကောင်း၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပြည့်အဝ ရရှိနိုင်ရန် ရည်ရွယ်သည်။

(ဂ) နိုင်ငံတော်၌လည်းကောင်း၊ ဒေသအလိုက်လည်းကောင်း၊ တိုင်းရင်းသားများအချင်းချင်း အေးချမ်းစွာအတူယှဉ်တွဲနေထိုင်၍ တစ်ဦးနှင့်တစ်ဦးလေးစားမှုယုံကြည်မှု၊ တန်းတူညီမှု၊ တရားမျှတမှုများအား လက်ကိုင်ထား၍ ဒေသအကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားများ ဖော်ဆောင်နိုင်ရန် ရည်မှန်းသည်။

(ဃ) တိုင်းရင်းသားရေးကိစ္စအားစစ်မှန်သောစေတနာဖြင့်အမှန်တကယ်ဦးဆောင်ဆောင်ရွက်မည့် ပါတီဖြစ်ပေါ်လာရေး၊ တိုင်းရင်းသား(လူနည်းစု)မျိုးနွယ်များမပျောက်ပျက်အောင် ထိန်းသိမ်း စောင့် ရှောက်ရန် ပါတီ၏အဓိကမူဝါဒအဖြစ်သတ်မှတ်သည်။

(င) မိမိတို့ရှမ်းနီ(တိုင်းလိုင်)နှင့် ရှမ်းမျိုးနွယ်စုများ အကျိုးစီးပွားအတွက် တိုင်းရင်းသားပါတီအဖွဲ့အစည်းများ၊ ဒေသအလိုက်တည်ရှိနေသော လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေ၊ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့်လက်တွဲဆောင်ရွက်မည်။

(စ) မည်သည့်ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်မခွဲခြားဘဲ ပါတီမူဝါဒသဘောတရားများနှင့်အညီ တိုင်းရင်းသားအရေး၊ ဒေသအရေး၊ နိုင်ငံအရေးကိစ္စများအား ပူးပေါင်းဆောင်ရွက်မည်။

(ဆ) ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ၏ အရေးကိစ္စများအား ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဆန္ဒရှိသည့် မည်သည့်ပုဂ္ဂိုလ်မဆို လူမျိုး၊ ဘာသာမရွေးပါတီမှ ပါတီဝင်အဖြစ်လက်ခံမည်။

## ၁၄။ တိုင်းရင်းသားလူမျိုးများ

(က) ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ ကျော်ခန့်စုပေါင်းနေထိုင်သောနိုင်ငံတော်ကြီးဖြစ်ပါသည်။ တိုင်းဒေသကြီး(၇)ခုနှင့်ပြည်နယ်၇ ခုအမည်နာမခွဲခြားသတ်မှတ်ခေါ်ဝေါ်ကြသော်လည်း လူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်သော ပြည်နယ်နှင့်တိုင်းဟူ၍မရှိဘဲ လူမျိုးများရောထွေး၍ အတူတကွပူးပေါင်းနေထိုင်သော ဒေသများသာ ဖြစ်ပေသည်။

(ခ) တိုင်းရင်းသားလူမျိုးများအတွင်း ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံများ၊ စာပေယဉ်ကျေးမှု၊ ဘာသာစကားတို့ မတူညီကွဲပြားကြသော်လည်း မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှအတူယှဉ်တွဲချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး နယ်ချဲ့အန္တရာယ်၊ သဘာဝဘေး အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရသောအခါတွင်လည်း စည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းတွန်းလှန်ခဲ့ပါသည်။

(ဂ) ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်မှသာ နှစ်ဦးနှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းမည်ဟု ယုံကြည်ကြပါသည်။

(ဃ) ထိုယုံကြည်မှုကြောင့်တိုင်းလိုင်(ရှမ်းနီ)လူမျိုးများသည်ဒေသအတွင်းအတူပူးတွဲနေထိုင်လျှက်ရှိသောတိုင်းလုံ၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီး၊ တိုင်းဂဒူး၊ တိုင်းဂဏန်း၊ တိုင်းဖွန်းလူမျိုးတို့နှင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားလူမျိုးများနှင့်လည်းကောင်းအတူယှဉ်တွဲနေထိုင်၍ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်

အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ထက်သန်ခိုင်မာသော စိတ်ဓာတ်ဖြင့် သန္နိဌာန် ပြုပါသည်။

၁၅။ <u>နိုင်ငံခြားရေး</u>

(က) လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးဝါဒကို လက်ကိုင်ပြု၍ နိုင်ငံတကာဆက်ဆံရေးတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းမှုကို အခိုင်အမာရရှိစေရန်အတွက် ဆောင်ရွက်မည်။

(ခ) ကုလသမဂ္ဂပဋိညာဉ်စာချုပ်များကို လေးစားလိုက်နာဆောင်ရွက်သွားမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင် အကျိုးတူလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်နှင့်ဝတ္တရားများကို လေးစားလိုက်နာခြင်းများဖြင့် လက်တွဲဆောင်ရွက်မည်။

(ဃ) နိုင်ငံတကာနှင့်ပတ်သက်သောအရေးကိစ္စများ၊ဒေသတွင်းနိုင်ငံများနှင့်ပတ်သတ်သောအရေးကိစ္စများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန်အလေးပေးဆောင်ရွက်သွားမည်။

၁၆။ **စီးပွားရေး**

(က) ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်။ သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများကိုချမှတ်ဆောင်ရွက်သွားမည်။

(ခ) နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးဆောင်ရွက်သွားမည်။

(ဂ) ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်သွားမည်။

(ဃ) လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်သွားမည်။

၁၇။ **လယ်ယာစိုက်ပျိုးရေး**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အောက်ပါအတိုင်းဆောင်ရွက်မည်။

(က) လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်သောတောင်သူလယ်သမားအားလုံးဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်၊ ပေါင်နှံခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ သီးစားချထားပိုင်ခွင့်ရှိစေရမည်။

(ခ) လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ်စွာစိုက်ပျိုး၊ ကြိတ်ခွဲ၊ ရောင်းဝယ်ခွင့်ပြုမည်။

(ဂ) စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတ်မြေဩဇာ၊ပိုးသတ်ဆေး၊မျိုးကောင်းမျိုးသန့် လုံလောက်စွာရရှိရေး၊ မိရိုးဖလာစိုက်ပျိုးရေးမှသိပ္ပံနည်းကျစက်မှုလယ်ယာအဖြစ် အဆင့်ဆင့် ပြောင်းလဲနိုင်ရန် ဆောင်ရွက်သွားမည်။

(ဃ) စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို ပြည်တွင်းပြည်ပကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်မည်။

(င) သဘာဝပတ်ဝန်းကျင်ကြောင့်လည်းကောင်း၊ ဓါတ်မြေဩဇာကြောင့်လည်းကောင်း၊ ပျက်စီးနေသောမြေဆီလွှာထိန်းသိမ်းပြုပြင်ခြင်း၊ဓါတ်မြေဩဇာပိုးသတ်ဆေးကြောင့်ဖြစ်ပေါ်နေသောဘေးထွက်ဆိုးကျိုးများကို ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာပေးကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ဆောင်မည်။

(စ) ရွှေ့ပြောင်းတောင်ယာများတွင် နှစ်ရှည်ပင်များအစားထိုး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊မြေဆီလွှာထိန်းသိမ်းခြင်းစသည်တို့ကိုပညာပေးအကောင်အထည်ဖော်ဆောင်ရွက်မည်။

(ဆ) လုပ်ငန်းခွင်မှ မတော်တဆဖြစ်ပွားမှုများအတွက် တောင်သူလယ်သမားဆိုင်ရာ အသက်အာမခံလုပ်ငန်းများပေါ်ထွက်လာရန်ဆောင်ရွက်မည်။

(ဇ) လယ်ယာလုပ်ငန်းအတွက် ကာလတို၊ ကာလရှည် ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့်ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးမည်။

(ဈ) တောင်သူလယ်သမားများ၏ လူမှုဘဝတိုးတက်စေရန်နှင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့အစည်းဖွဲ့ခွင့်ကို ဆောင်ရွက်မည်။

၁၈။ **အလုပ်သမားရေးရာ**

(က) အလုပ်သမားတိုင်းသည် အာဆီယံစံနှုန်းနှင့်သော်လည်းကောင်း၊ ကမ္ဘာ့စံနှုန်းများဖြင့်သော်လည်းကောင်း မိမိရသင့်ရထိုက်သော အခွင့်အရေးများရရှိရမည်။

(ခ) ပြည်တွင်း၊ ပြည်ပရှိ အလုပ်သမားတိုင်း တရားဥပဒေအရ အကာအကွယ်ရရှိရမည်။

(ဂ) အလုပ်သမားတိုင်း၏ ကုန်ထုတ်စွမ်းအားများ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်။

(ဃ) အလုပ်သမားတိုင်း ကျန်းမာရေးအာမခံချက်ရရှိရမည်။

(င) အလုပ်သမားတိုင်းသည် မိမိရသင့်ရထိုက်သော အကျိုးခံစားခွင့်များကို လွတ်လပ်စွာတင်ပြနိုင်ရမည်။

(စ) ဖြစ်ပေါ် ပြောင်းလဲလျှက်ရှိသော နိုင်ငံရေး၊ စီးပွားရေး အချက်အလက်များကို အခြေခံ၍ သင့်တင့်လျှောက်ပတ်သော အခြေခံလစာများ ပြဌာန်းပေးမည်။

(ဆ) နိုင်ငံသားတစ်ဦးချင်းဝင်ငွေ တိုးတက်ရမည်။

(ဇ) လုပ်ငန်းခွင်တွင်းနစ်နာမှု တစ်စုံတစ်ရာရှိပါက တရားဥပဒေနှင့် အညီ ဖြစ်ရမည်။

(ဈ) အဓမ္မလုပ်အားပေး စေခိုင်းခြင်းမရှိစေရ။

၁၉။ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး**

(က) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ သဘာဝအရင်းအမြစ်များ စဉ်ဆက်မပြတ်ရေရှည် အသုံးချနိုင်ရေးကို ရှေ့ရှု၍နိုင်ငံတကာ မိသားစု၏နည်းပညာအကူအညီများ ရယူကာဒေသ အတွင်းနေထိုင်ကြသူများအား စနစ်ကျစွာသင်ကြားပို့ချခြင်း၊ ခိုင်မာသောအဖွဲ့အစည်းများ ဖွဲ့စည်းကာ ထိရောက်စွာထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်မည်။

(ခ) သဘာဝပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးနှင့် နောင်လာနောက်သားများအတွက် သဘာဝအမွေအနှစ်များ လက်ဆင့်ကမ်းကျန်ရစ်စေရန်အတွက် လိုအပ်သည့်သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ဥပဒေများပြဋ္ဌာန်းရန်နှင့် ထိရောက်စွာကျင့်သုံးရန် ဆောင်ရွက်မည်။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများကို ကာကွယ်ရေး အစီအစဉ်များ ကြိုတင်စီမံထားခြင်းဖြင့် လျော့ကျစေခြင်း၊ ထိရောက်လျှင်မြန်သောကယ် ဆယ်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်မြှင့်တင်ဆောင်ရွက်မည်။

(ဃ) ကျေးရွာများတွင် အစုအဖွဲ့ပိုင်သစ်တောများ ပေါ်ပေါက်လာစေရန် စည်းရုံးလုပ်ဆောင်မည်။

၂၀။ **ပညာရေး**

(က) အခြေခံပညာရေးကို မူလတန်းအထိ အခမဲ့မသင်မနေရ ပညာသင်ကြားနိုင်ရန်ကြိုးပမ်း ဆောင်ရွက်မည်။

(ခ) အလယ်တန်းအထက်တန်း ပညာရေးတွင် ထူးချွန်သော ကျောင်းသူကျောင်းသားများပေါ် ပေါက်နိုင်စေရန်အတွက် သင်ကြားပေးသော ဆရာ၊ ဆရာမများ ခေတ်နှင့်အညီအရည်အ ချင်းပြည့်မီစေရန် ဆောင်ရွက်မည်။

(ဂ) အရည်အသွေးပြည့်မီသော ပုဂ္ဂလိက ပညာသင်ကျောင်းများ ဖြစ်ပေါ်လာရေးကို အားပေးကူညီမည်။

(ဃ) ထူးချွန်ထက်မြက်၍ ပညာသင်စရိတ်လုံလောက်မှုမရှိသော ကျောင်းသူ၊ကျောင်းသားများ အားဆက်လက်ပညာသင်ကြားနိုင်စေရန် ကူညီဆောင်ရွက်မည်။

(င) နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပညာရေးသုတေသနလုပ်ငန်းများကို အားပေး ကူညီမည်။

(စ) တက္ကသိုလ်မှ သင်ကြားလိုက်သည့်ပညာဖြင့် ပြင်ပလောကတွင် အသက်မွေးဝမ်းကျောင်းပြု နိုင်စေရန် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်ဖြင့် မြှင့်တင်ဆောင်ရွက်မည်။

**၂၁။ ကျန်းမာရေး**

(က) အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် အဆင့်မီအောင် ဆောင်ရွက်မည်။

(ခ) ဆေးပညာသင်ကြားမှုအဆင့်အတန်းမြင့်မားရေးနှင့် ကမ္ဘာ့အဆင့်အတန်းမီ ကျန်းမာရေး ဆိုင်ရာဝန်ထမ်းများပေါ်ထွက်လာရေးတို့ကို ကြိုးစားဆောင်ရွက်မည်။

(ဂ) နိုင်ငံတော်မှ ဖွင့်လှစ်သည့်ဆေးရုံ၊ ဆေးပေးခန်းများအတွက် လိုအပ်သောအဆင့်မီပစ္စည်း များ ပြည့်စုံရေး၊ ဆေးဝါးများ အလုံအလောက်ရရှိရေးတို့ကို ဆောင်ရွက်မည်။

(ဃ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများပေါ်ထွန်းလာအောင် အားပေးဆောင် ရွက်မည်။

(င) ရောဂါကြိုတင်ကာကွယ်ရေးတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို မပြတ်မနေဆောင် ရွက်သွားမည်။

**၂၂။ အုပ်ချုပ်ရေး**

ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးသော ၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံသော၊ အကျင့်ပျက်မှုကင်းသော၊ ထက်မြက်ထိရောက်သော၊ မျှတပြီး တစ်မျိုးသားလုံးပါဝင်နိုင်သော အုပ်ချုပ်ရေး ယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်မည်။

**၂၃။ ကာကွယ်ရေးနှင့်လုံခြုံရေး**

(က) နိုင်ငံတော်တွင် ပြည်ထောင်စုတိုင်းရင်းသားများအားလုံး ပါဝင်သော ပြည်ထောင်စု တပ်မတော် တစ်ခုတည်းသာရှိရမည်။

(ခ) ပြည်သူ့ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ဥပဒေနှင့် အညီ ဆောင်ရွက်ရမည်။

(ဂ) တပ်မတော်နှင့် နိုင်ငံတော်ကာကွယ်ရေး ယန္တရားတစ်ရပ်လုံး အုပ်ချုပ်ရေးမဏ္ဍိုင် ထဲတွင်သာ ရှိရမည်။